## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ)



ရက်စွဲ ၂၄-၃-၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိလယ်ယာထွက်ပစ္စည်း တင်ပို့မှု | ၄ |
| ၇။ | ဆန်နှင့်ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၈-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၂-၁၃ |
| ၁၁။ | နှမ်း | ၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၁ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ)

## နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာ ကာလအတွင်း နိုင်ငံ၏ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၂-၂၃ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်၊ မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများ ပြုစုခြင်းတို့ အတွက် အထောက်အကူ ပြုစေရန်ရည်ရွယ်ပါသည်။။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၁,၉၉၈.၅၅) သန်းရှိသည့်အနက် လယ်ယာထွက် ကုန် အနေဖြင့် (၂,၉၂၈.၁) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅,၃၆၃.၂၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် (၄,၆၂၄.၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင် နှုန်းအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်(၂၄%)၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တွင် (၃၀%) ရှိခဲ့ သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၆%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုး မှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၃,၃၃၆.၇၄) သန်း နှင့် လယ်ယာထွက်ကုန် ပို့ကုန်တန်ဖိုး မှာ ဒေါ်လာ (၁,၆၉၆.၁)သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲဇယား-က)

ဇယား (၁) - ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

ပါဝင်မှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini budge) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၃ (၁-၄-၂၀၂၂) မှ (၃-၃-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၀% | ၂၉% | ၂၃% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀.၁% | ၀.၁% | ၀.၄% | ၂% | ၂% | ၁% | ၀.၁% | ၀.၀၆% | ၀.၁% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅% | ၆% | ၅% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆% | ၃% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၁% | ၁% | ၁% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၅၄% | ၅၇% | ၆၇% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၄% | ၄% | ၃% |
| **စုစုပေါင်း** | | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

**ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

## ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ ပို့ကုန်တင်ပို့မှုအခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်း ဒေါ်လာသန်း (၁၅,၃၇၇.၉၈) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၃,၅၇၀.၃၉) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၉.၈၂) သန်း၊ ရေထွက် ဒေါ်လာ(၆၉၃.၉၂) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၃၂၀.၇၂)သန်း၊ သစ်တောထွက် ဒေါ်လာ(၁၃၀.၅၈)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၁၀,၂၄၁.၆၈) သန်းနှင့် အခြား ဒေါ်လာ(၄၀၀.၈၈) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ လယ်ယာကဏ္ဍပို့ကုန် တင်ပို့မှုအခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍအနေဖြင့် စုစုပေါင်း**ဒေါ်လာ(၄,၂၈၄.၁၂) သန်း တင်ပို့နိုင်ခဲ့ပြီး** လယ်ယာထွက်ပစ္စည်း (၃,၅၇၀.၃၉) သန်း၊ ရေထွက်ပစ္စည်း (၆၉၃.၉၂)နှင့် တိရစ္ဆာန်ထွက်ပစ္စည်း (၁၉.၈၂) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၂-၂၀၂၃ | ယခင်နှစ် ၂၀၂၁-၂၀၂၂ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၄,၂၈၄.၁၂ | ၄,၃၅၅.၅၅ | -၇၁.၄၃ | -၁.၆၄% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၃,၅၇၀.၃၉ | ၃၆၀၂.၀၁ | -၃၁.၆၁ | -၀.၈၈% |
| ၁ | **ဆန်နှင့်ဆန်ကွဲ** | **US$** | ၇၅၆.၂၇ | ၆၆၁.၄၂ | ၉၄.၈၄ | ၁၄.၃၄% |
| | | **တန်ချိန်** | ၂,၀၃၈,၁၃၅.၈၁ | ၁,၉၆၄,၄၃၈ .၂၅ | ၇၃,၆၉၇.၅၆ | ၃.၇၅% |
| | (က) ဆန် | US$ | ၄၇၄.၅၃ | ၄၃၀.၁၈ | ၄၄.၃၅ | ၁၀.၃၁% |
| | | တန်ချိန် | ၁,၂၂၅,၆၇၀.၄၀ | ၁,၂၁၇,၇၆၆.၂၇ | ၇,၉၀၄.၁၃ | ၀.၆၅% |
| | (ခ) ဆန်ကွဲ | US$ | ၂၈၁.၇၄ | ၂၃၁.၂၅ | ၅၀.၄၉ | ၂၁.၈၃% |
| | | တန်ချိန် | ၈၁၂,၄၆၅.၄၁ | ၇၄၆,၆၇၁.၉၈ | ၆၅,၇၉၃.၄၃ | ၈.၈၁% |
| ၂ | **ပဲအမျိုးမျိုး** | **US$** | ၁,၂၇၈.၁၀ | ၁,၃၅၉.၈၄ | -၈၁.၇၄ | -၆.၀၁% |
| | | **တန်ချိန်** | ၁,၆၆၂,၃၅၃.၁၈ | ၁,၈၂၀,၀၄၄.၁၈ | -၁၅၇,၆၉၀.၉၉ | -၈.၆၆% |
| ၃ | **ပြောင်း** | **US$** | ၅၃၉.၁၂ | ၄၉၈.၃၁ | ၄၀.၈၁ | ၈.၁၉% |
| | | **တန်ချိန်** | ၁,၇၅၂ ,၁၀၂.၄၄ | ၂,၁၆၅,၀၈၂.၅၉ | -၄၁၂,၉၈၀.၁၆ | -၁၉.၀၇% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၂-၂၀၂၃ | ယခင်နှစ် ၂၀၂၁-၂၀၂၂ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၁၂၅.၀၈ | ၂၃၁.၈၇ | -၁၀၆.၇၈ | -၄၆.၀၆% |
| | | တန်ချိန် | ၉၄,၈၇၅ .၅၅ | ၁၈၃,၁၉၂.၂၃ | -၈၈,၃၁၆.၆၈ | -၄၈.၂၁% |
| ၅ | ရော်ဘာစိမ်း | US$ | ၂၉၉.၈၄ | ၃၉၄.၅၈ | -၉၄.၇၃ | -၂၄.၀၁% |
| | | တန်ချိန် | ၂၂၀,၈၀၇.၀၇ | ၂၇၃,၄၉၄.၃၄ | -၅၂,၆၈၇.၂၇ | -၁၉.၂၆% |
| ၆ | အခြားသီးနှံ | US$ | ၅၇၁.၉၈ | ၄၅၅.၉၉ | -၃၁.၆၁ | -၈၄.၁၂% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၁၉.၈၂ | ၇.၀၄ | ၁၂.၇၇ | ၁၈၁.၃၉% |
| ရေထွက်ပစ္စည်း | | US$ | ၆၉၃.၉၂ | ၇၄၆.၅၀ | -၅၂.၅၈ | -၇.၀၄% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)


ပုံ (၄)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

## ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ **လယ်ယာထွက်ပစ္စည်း တင်ပို့မှု**

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု (၃,၅၇၀.၃၉) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး (၇၅၆.၂၇) သန်း၊ တန်ချိန် (၂,၀၃၈,၁၃၅.၈၁)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး (၁,၂၇၈.၁)သန်း၊ တန်ချိန် (၁,၆၆၂,၃၅၃.၁၈)၊ ပြောင်းမှာ တန်ဘိုး (၅၃၉.၁၃)သန်း၊ တန်ချိန် (၁,၇၅၂,၁၀၂.၄၄)၊ ရာဘာစိမ်း မှာ တန်ဘိုး (၂၉၉.၈၄)သန်း၊ တန်ချိန်(၂၂၀,၈၀၇.၀၇)သန်းနှင့် ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး (၁၂၅.၀၈၅)သန်း၊ တန်ချိန် (၉၄,၈၇၅.၅၄) ပါဝင်ခဲ့ပြီး အခြားသီးနှံ (၅၇၁.၉၇)သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။(ဇယား-၂၊ ပုံ ၃၊ ၄)

## ၉။ ဆန်နှင့် ဆန်ကွဲ

(၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း (၃,၅၇၀.၃၉) သန်းတွင် ဆန်နှင့် ဆန်ကွဲ တင်ပို့မှုအနေဖြင့် တန်ဘိုး(၇၅၆.၂၆၉)သန်း၊ တန်ချိန် (၂,၀၃၈,၁၃၅.၈၁) ဖြင့်အများဆုံးပါဝင်ခဲ့ပါသည်။ (ပုံ-၅)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၅)။ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ အပတ်စဉ် ဆန်တင်ပို့မှုအနေဖြင့် ဖေဖော်ဝါရီလ နောက်ဆုံးပတ် ဖြစ် သော (၃-၃-၂၀၂၃) ရက်တွင် ဆန် တင်ပို့မှုမှာ ပင်လယ်ရေကြောင်းမှ တရုတ်၊ တူရကီနိုင်ငံများသို့ ဆန် တင်ပို့မှုနည်းခဲ့ပြီး နယ်စပ် မူဆယ်စခန်းမှလည်း တရုတ်သို့ တင်ပို့မှုနည်းခဲ့ခြင်းတို့ကြောင့် ယခင်အပတ်ထက်စုစုပေါင်းဆန်တန်ချိန် ၁ သောင်းကျော် လျော့နည်းခဲ့ကြောင်း၊ ဆန်ကွဲ တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ ဘယ်လဂျီယံနိုင်ငံသို့ တန်ချိန် ၂ သောင်း နီးပါး ပိုမိုတင်ပို့မှုရှိသဖြင့် စုစုပေါင်းဆန်ကွဲတင်ပို့မှုမှာ ယခင်အပတ်ထက် တန်ချိန် ၁သောင်းကျော် ပိုမိုတင်ပိုခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ် မတ်လ(၁)ရက်နေ့မှစ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ တင်ပို့မှုမှရရှိသည့် နိုင်ငံခြားသုံးငွေများ၏ (၆၅%)ကို ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်လဲလှယ်သွားရန်နှင့် ကျန် (၃၅%)ကို ပို့ကုန်သုံးစွဲသူမှ သုံးစွဲခွင့်ပြုရန် ညွှန်ကြားချက် ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

၁၁။ ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် ဖေဖော်ဝါရီလနောက်ဆုံးပတ်ဖြစ်သော (၃-၃-၂၀၂၃) ရက်တွင် ဧည့်မထဆန်(မိုးသစ်) မှာ တစ်တင်းခွဲတစ်အိတ် (၁၀၈ ပေါင်)လျှင် အနည်းဆုံး ၄၆၀၀၀

ကျပ်မှ ၈၀,၀၀၀ ကျပ်ထိ ရှိခဲ့သည်ကိုတွေ့ရပြီး ယခင်အပတ်(၂၄-၂-၂၀၂၃) ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မြို့နယ်အချို့တွင်ဆန်ဈေးနှုန်းများမြင့်ခဲ့သည်ကိုတွေ့ရသည်။

ဇယား(၃) – ပြည်တွင်းဆန်ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခင်အပတ် (၂၇-၁-၂၀၂၃) | ယခုအပတ် (၃-၂-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၈၀,၀၀၀ | ၈၀,၀၀၀ | | |
| ၂ | ဘားအံ | ၄၆,၀၀၀ | ၄၆,၀၀၀ | | |
| ၃ | မြိတ် | ၅၈,၀၀၀ | ၆၃,၀၀၀ | ၅,၀၀၀ | ၉% |
| | ပဲခူး | ၅၄,၀၀၀ | ၅၄,၀၀၀ | | |
| ၄ | ပြည် | ၅၁,၀၀၀ | ၅၁,၀၀၀ | | |
| ၅ | မကွေး | ၆၀,၀၀၀ | ၆၀,၀၀၀ | | |
| ၆ | မန္တလေး | ၅၄,၀၀၀ | ၅၅,၀၀၀ | ၁,၀၀၀ | ၂% |
| ၇ | နေပြည်တော် | ၅၈,၅၀၀ | ၅၈,၅၀၀ | | |
| ၈ | ပျဉ်းမနား | ၅၈,၅၀၀ | ၅၈,၅၀၀ | | |
| ၉ | မော်လမြိုင် | ၅၈,၀၀၀ | ၅၉,၀၀၀ | ၁,၀၀၀ | ၂% |
| ၁၀ | စစ်တွေ | ၅၈,၀၀၀ | ၅၈,၀၀၀ | | |
| ၁၁ | သန်လျင် | ၅၂,၀၀၀ | ၅၂,၀၀၀ | | |
| ၁၂ | တောင်ကြီး | ၆၀,၀၀၀ | ၆၀,၀၀၀ | | |
| ၁၃ | လားရှိုး | ၄၇,၀၀၀ | ၅၂,၀၀၀ | ၅,၀၀၀ | ၁၁% |
| ၁၄ | ကျိုင်းတုံ | ၆၁,၀၀၀ | ၆၄,၀၀၀ | ၃,၀၀၀ | ၅% |
| ၁၅ | ပုသိမ် | ၅၄,၀၀၀ | ၅၃,၀၀၀ | -၁,၀၀၀ | ၂% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်ဈေးကွက်အနေဖြင့် အိန္ဒိယနိုင်ငံတွင် ပြည်တွင်းဆန်ဈေးနှုန်းကို ထိမ်းချုပ်ရန်အတွက် အစိုးရသည်ဆန်ကွဲတင်ပို့မှုကို ဆက်လက်ပိတ်ပင်ထားပြီး ဆန်ဖြူတင်ပို့မှုကိုလည်း အခွန် ၂ % ဆက်လက်စည်းကြပ်သွားမည်ဟု ထုတ်ပြန်ထားသဖြင့် အာဖရိကနှင့် အာရှနိုင်ငံများက ဝယ်ယူနေသည့် အိန္ဒိယဆန်ဈေးမှာ ဆက်လက်မြင့်တက်သွားခဲ့သည်။ ယခင်နှစ်က အိန္ဒိယနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးသည့်ဒေသများတွင် မုတ်သုန်မိုးရေချိန်လျော့နည်းခဲ့ခြင်းကြောင့် အစိုးရက ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ထားပြီး ဆန်ဖြူတင်ပို့မှု

ကိုလည်း စည်းကြပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆန်တင်ပို့မှုကိုကန့်သတ်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ဆန်တင်ပို့မှုတွင် တန်ချိန် (၂၂.၂၆) သန်းဖြင့် စံချိန်တင်တိုးတက်ခဲ့ပြီး ကမ္ဘာ့အဝန်း ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း၊ အိန္ဒိယက ဆန်ကွဲတင်ပို့မှုကို ဆက်ပိတ်ထားသည့်အတွက် တရုတ် အပါအဝင် ထိပ်တန်းဆန်ကွဲ ဝယ်လက်များအတွက် အခက်ကြုံနိုင်ကြောင်း၊ တရုတ်နိုင်ငံသည် ဆန်ကွဲကို အများဆုံးဝယ်ယူသူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ဆန်ကွဲတန်ချိန် (၁.၁) သန်းထိဝယ်ယူခဲ့ကာ တိရစ္ဆာန် အစာထုတ်လုပ်ရာတွင် အဓိကအသုံးပြု ကြောင်း နှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန် (၁၆၉.၁၃၃) သန်း ဖြစ်ကြောင်း သိရှိရပါသည်။

ဇယား(၄) – ပြည်ပတွင်ဖြစ်ပေါ်နေသောဆန်ဈေးနှုန်းများ

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ၂၇-၂-၂၀၂၃ | ၆-၃-၂၀၂၃ |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၄၈၉ | ၄၈၄ |
| | | ဆန်ဖြူ ၅ % | ၄၇၄ | ၄၇၀ |
| | | ဆန်ဖြူ ၂၅ % | ၄၆၅ | ၄၆၁ |
| | | ပေါင်းဆန် ၁၀၀ % | ၄၈၀ | ၄၈၁ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၄၅၈ | ၄၆၁ |
| | | ဆန်ဖြူ ၂၅ % | ၄၃၈ | ၄၂၈ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၄၇၃ | ၄၆၈ |
| | | ဆန်ဖြူ ၂၅ % | ၄၄၃ | ၄၃၈ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | ၄၂၇ | ၄၂၇ |
| | | ဆန်ဖြူ ၁၀၀ % | ၄၈၉ | ၄၈၄ |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး


၁၃။ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ထိ) ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၁,၂၇၈.၁)သန်း၊ တန်ချိန် (၁,၆၆၂,၃၅၃.၁၈၁)ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၄၉၉.၄၉၁)သန်း၊ တန်ချိန် (၆၀၈,၆၇၃) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၄၀၈.၇၇၆)သန်း၊ တန်ချိန် (၅၇၁,၅၇၆.၆၂၆) ဖြင့် ဒုတိယ အများဆုံးနှင့် ပဲစဉ်းငုံ တန်ဘိုး ဒေါ်လာ(၁၅၇.၉၀၉)သန်း၊ တန်ချိန် (၂၀၂,၅၅၇) ဖြင့် တတိယအများဆုံးတင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၆၊ ၇)

## ဇယား(၅) – ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၁-၂၀၂၂ Mini Budget | ကာလတူ (၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၂-၂၀၂၃) | ယမန်နှစ် (၂၀၂၁-၂၀၂၂) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | **၈၃၀.၁၆** | **၁,၂၇၈.၁၀** | **၁,၃၅၉.၈၄** | **-၈၁.၇၄** | -၆% |
| | | တန်ချိန် | **၁,၀၈၉,၆၆၇.၇၅** | **၁,၆၆၂,၃၅၃.၁၈** | **၁,၈၂၀,၀၄၄.၁၈** | **-၁၅၇,၆၉၀.၉၉** | -၉% |
| ၁ | မတ်ပဲ | US$ | ၂၈၇.၉၁ | ၄၉၉.၄၉ | ၅၄၉.၈၃ | -၅၀.၃၄ | -၉% |
| | | တန်ချိန် | ၃၇၁,၀၉၄.၉၀ | ၆၀၈,၆၇၃.၈၂ | ၇၂၀,၅၂၂.၈၀ | -၁၁၁,၈၄၈.၉၈ | -၁၆% |
| ၂ | ပဲတီစိမ်း | US$ | ၂၉၆.၅၄ | ၄၀၈.၇၈ | ၄၅၇.၆၁ | -၄၈.၈၄ | -၁၁% |
| | | တန်ချိန် | ၃၈၃,၇၂၂.၃၂ | ၅၇၁,၅၇၆.၆၃ | ၆၀၃,၄၉၃.၂၀ | -၃၁,၉၁၆.၅၈ | -၅% |
| ၃ | ပဲစင်းငုံ | US$ | ၈၄.၈၅ | ၁၅၇.၉၁ | ၁၃၆.၅၆ | ၂၁.၃၅ | ၁၆% |
| | | တန်ချိန် | ၁၂၆,၅၂၆.၃၄ | ၂၀၂,၅၅၇.၃၅ | ၂၀၅,၅၅၃.၂၃ | -၂,၉၉၅.၈၈ | -၁% |
| ၄ | ကုလားပဲ | US$ | ၃.၉၂ | ၁၂.၈၃ | ၁၃.၉၅ | -၁.၁၂ | -၈% |
| | | တန်ချိန် | ၆,၁၃၀.၆၆ | ၁,၈၃၂၈.၂၆ | ၂၃,၁၀၂.၂၉ | -၄,၇၇၄.၀၄ | -၂၁% |
| ၅ | ပဲလွန်းဖြူ | US$ | ၁၉.၄၀ | ၃၀.၈၀ | ၂၃.၇၇ | ၇.၀၃ | ၃၀% |
| | | တန်ချိန် | ၂၇,၃၆၅.၂၄ | ၄၇,၅၉၄.၅၇ | ၃၂,၁၅၉.၂၅ | ၁၅,၄၃၅.၃၁ | ၄၈% |
| ၆ | မြေထောက်ပဲ | US$ | ၃၀.၀၀ | ၄၃.၀၃ | ၃၂.၁၃ | ၁၀.၈၉ | ၃၄% |
| | | တန်ချိန် | ၃၉,၈၃၉.၉၆ | ၅၃,၈၁၉.၃၂ | ၄၃,၂၃၉.၁၁ | ၁၀,၅၈၀.၂၁ | ၂၄% |
| ၇ | ထောပတ်ပဲ | US$ | ၃.၉၁ | ၂၂.၉၈ | ၁၃.၅၉ | ၉.၃၉ | ၆၉% |
| | | တန်ချိန် | ၅,၇၀၉.၇၄ | ၂၉,၄၄၀.၁၃ | ၂၄,၃၅၉.၇၉ | ၅,၀၈၀.၃၄ | ၂၁% |
| ၈ | ပဲယင်း | US$ | ၃၅.၄၃ | ၄၅.၇၅ | ၃၅.၇၉ | ၉.၉၆ | ၂၈% |
| | | တန်ချိန် | ၄၉,၉၅၁.၆၇ | ၆၄,၅၁၆.၆၁ | ၅၇,၄၄၆.၉၁ | ၇,၀၆၉.၇၀ | ၁၂% |
| ၉ | ပဲကြီး | US$ | ၂.၂၆ | ၄.၅၈ | ၁.၆၇ | ၂.၉၁ | ၁၇၄% |
| | | တန်ချိန် | ၃,၄၂၈.၈၇ | ၆,၈၅၇.၈၈ | ၂,၈၂၉.၄၃ | ၄,၀၂၈.၄၅ | ၁၄၂% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၁.၅၈ | ၄.၉၂ | ၄.၆၁ | ၀.၃၁ | ၇% |
| | | တန်ချိန် | ၂,၃၆၄.၆၁ | ၇,၈၆၇.၃၆ | ၇,၄၃၅.၉၁ | ၄၃၁.၄၆ | ၆% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၂.၂၉ | ၁၄.၀၅ | ၁၁.၀၇ | ၂.၉၈ | ၂၇% |
| | | တန်ချိန် | ၁၇,၂၆၉.၉၄ | ၁၉,၂၄၄.၃၅ | ၁၄,၆၈၃.၈၁ | ၄,၅၆၀.၅၄ | ၃၁% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၃၀ | ၀.၁၂ | ၂.၈၅ | -၂.၇၃ | -၉၆% |
| | | တန်ချိန် | ၄၁၁.၀၀ | ၁၃၅.၅၁ | ၄,၅၂၁.၂၉ | -၄,၃၈၅.၇၈ | -၉၇% |
| ၁၃ | ပဲနီကြား | US$ | ၀.၀၈ | ၂.၁၄ | ၂.၁၂ | ၀.၀၃ | ၁% |
| | | တန်ချိန် | ၁၉၅.၀၀ | ၅,၂၄၄.၈၀ | ၄,၈၇၇.၀၀ | ၃၆၇.၈၀ | ၈% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၁၈ | ၀.၆၈ | ၀.၉၂ | -၀.၂၄ | -၂၆% |
| | | တန်ချိန် | ၂၁၆.၅၀ | ၉၃၀.၈၇ | ၁,၁၀၆.၅၂ | -၁၇၅.၆၅ | -၁၆% |
| ၁၅ | မြေပဲဆံ | US$ | ၅၀.၈၃ | ၂၉.၁၉ | ၇၁.၈၇ | -၄၂.၆၈ | -၅၉% |
| | | တန်ချိန် | ၅၄,၄၆၇.၇၂ | ၂၄,၂၄၃.၀၀ | ၇၃,၃၅၃.၉၄ | -၄၉,၁၁၀.၉၄ | -၆၇% |
| ၁၆ | အခြားပဲ | US$ | ၀.၆၉ | ၀.၈၃ | ၁.၄၈ | -၀.၆၆ | -၄၄% |
| | | တန်ချိန် | ၉၇၃.၂၉ | ၁,၃၂၂.၇၄ | ၁,၃၅၉.၆၈ | -၃၆.၉၅ | -၃% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၆)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၇)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

**၁၄။** ယခုအပတ်(၂၅-၂-၂၀၂၃ မှ ၃-၃-၂၀၂၃) ထိ တင်ပို့မှုတွင် ပဲမျိုးစုံအနေဖြင့် တန်ချိန် (၆) သောင်းကျော် တန်ဘိုး ကန်ဒေါ်လာ (၄၆)သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်အပတ်ထက် ပဲစဉ်းငုံ တင်ပို့မှု ပိုမိုခဲ့သော်လည်း ပဲတီစိမ်း၊ မတ်ပဲနှင့် မြေထောက်ပဲတို့မှာ တင်ပို့မှုလျော့ကျခဲ့ သဖြင့် ယခင်အပတ်ထက်တန်ချိန် (၃) သောင်းကျော် တန်ဘိုးကန်ဒေါ်လာ (၁)သန်းကျော် လျော့နည်းခဲ့ကြောင်း၊ တရုတ်သို့ ပင်လယ်ရေကြောင်းမှ ပဲတီစိမ်းတန်ဘိုးဒေါ်လာ (၂)သန်းကျော် လျော့နည်းခဲ့ပြီး နယ်စပ်မှ ဒေါ်လာ (၁) သန်းကျော် ပိုမိုခဲ့ကြောင်း သိရှိရပါသည်။

၁၅။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၌ မတ်ပဲ (FAQ/RC) တစ်တန်လျှင် ကျပ် (၁၉) သိန်းကျော်၊ မတ်ပဲ (SQ/RC) တစ်တန်လျှင် ကျပ် (၂၁) သိန်း(၃) သောင်းကျော်၊ ပဲစဉ်းငုံ (RC) တစ်တန်လျှင် ကျပ် (၂၂) သိန်းကျော်ထိ ဈေးမြင့်တက်လျက် ရှိကြောင်း သိရှိရပါသည်။

ဇယား(၆) - ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| ၂၀၂၂ | မတ်ပဲ | ပဲတီစိမ်း | ပဲစဉ်းငုံ | ကုလားပဲ |
|---|---|---|---|---|
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၆၇၀,၀၀၀ | ၁,၂၀၂,၅၀၀ | ၁,၀၆၀,၀၀၀ |
| ဖေဖော်ဝါရီ | ၁,၃၀၀,၀၀၀ | ၁,၄၁၉,၁၀၀ | ၁,၂၃၀,၀၀၀ | ၁,၃၂၀,၀၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၁,၆၁၅,၁၀၀ | ၁,၁၉၀,၀၀၀ | ၁,၃၀၁,၄၀၀ |
| ဧပြီ | ၁,၄၁၇,၄၀၀ | ၁,၆၆၄,၁၀၀ | ၁,၁၁၀,၀၀၀ | ၁,၄၆၀,၆၀၀ |

| ၂၀၂၂ | မတ်ပဲ | ပဲတီစိမ်း | ပဲစဉ်းငုံ | ကုလားပဲ |
|---|---|---|---|---|
| မေ | ၁,၄၆၉,၇၀၀ | ၁,၆၃၅,၁၀၀ | ၁,၃၅၈,၇၅၀ | ၁,၆၃၅,၁၀၀ |
| ဇွန် | ၁,၅၂၁,၈၀၀ | ၁,၆၅၃,၅၀၀ | ၁,၂၇၇,၀၀၀ | ၁,၅၇၉,၉၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | ၁,၆၈၄,၁၀၀ | ၁,၄၄၇,၅၀၀ | ၁,၆၅၄,၁၀၀ |
| သြဂုတ် | ၁,၈၉၀,၀၀၀ | ၁,၇၃၆,၁၀၀ | ၁,၉၄၀,၀၀၀ | ၂,၂၂၃,၄၀၀ |
| စက်တင်ဘာ | ၂,၀၃၆,၂၀၀ | ၂,၁၃၄,၃၀၀ | ၂,၁၃၀,၀၀၀ | ၂,၁၄၃,၄၀၀ |
| အောက်တိုဘာ | ၁,၇၁၂,၇၀၀ | ၁,၉၉၀,၃၀၀ | ၁,၉၄၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| နိုဝင်ဘာ | ၁,၉၃၁,၂၀၀ | ၁,၈၃၉,၂၀၀ | ၁,၇၉၀,၀၀၀ | ၂,၀၀၀,၀၀၀ |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | ၁,၈၀၆,၂၀၀ | ၁,၆၄၀,၀၀၀ | ၂,၁၆၁,၃၀၀ |
| **ပျမ်းမျှ** | **၁,၆၁၉,၀၅၈** | **၁,၇၄၀,၅၉၂** | **၁,၁၀၃,၈၉၆** | **၁,၅၅၈,၃၇၅** |
| ၂၀၂၃ | မတ်ပဲ | ပဲတီစိမ်း | ပဲစဉ်းငုံ | ကုလားပဲ |
| ဇန်နဝါရီ | ၁,၇၆၉,၄၀၀ | ၁,၉၅၀,၇၀၀ | ၁,၉၇၄,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၉၅၀,၇၀၀ | ၂,၃၉၇,၅၀၀ | ၂,၁၂၆,၅၀၀ | ၂,၀၄၂,၃၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား(၇) - နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံတရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၆-၃-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | | | | | | | ၆၆၇ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၂၁ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၉၄၁ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၇၇ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ထိ) ပြောင်းတင်ပို့မှုတွင် တန်ဘိုး (၅၃၉.၁၂၅)သန်း၊ တန်ချိန် (၁,၇၅၂,၁၀၂.၄၄) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ် ပြောင်းတင်ပို့မှုအနေဖြင့် တန်ချိန် (၇) သောင်း၊ တန်ဘိုး ကန်ဒေါ်လာ (၂၄) သန်းခန့်ရှိပြီး ပင်လယ်ရေကြောင်းမှ ထိုင်းနိုင်ငံသို့ ပိုမိုတင်ပို့

ခဲ့သဖြင့် စုစုပေါင်းပြောင်း တန်ချိန် (၅)ထောင်ခန့်၊ တန်ဘိုး ဒေါ်လာ (၂) သန်းကျော် ပိုမိုခဲ့ကြောင်း၊ ထိုင်းနယ်စပ်မှ မြန်မာ့ပြောင်းအား နှစ်စဉ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်ထိ (၇) လကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းပြီး ထိုင်းမှ ပြောင်းထွက်ရှိမည့် စက်တင်ဘာလ (၁) ရက်နောက်ပိုင်းတွင် အခွန် (၄၅%) သတ်မှတ်ကောက်ခံသဖြင့် ထိုင်းနိုင်ငံသို့ အခွန်လွတ်စနစ်ဖြင့် တင်ပို့လျက်ရှိကြောင်း၊ ယခုအပတ်အတွင် ရန်ကုန်ဈေးကွက်တွင် ပြောင်းဆံ တစ်ပိဿာလျှင် ၁၂၆၀ ကျပ်ထိ ကျဆင်းသွားကြောင်း၊ ဒေသအလိုက် ပြောင်းဈေးနှုန်းများ အပြောင်းအလဲ အတက် အကျများရှိကြောင်းသိရှိရပါသည်။

ဇယား(၈) – ပြည်တွင်းပြောင်းဈေးနှုန်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၃-၃-၂၀၂၃) | ယခင်အပတ် (၂၄-၂-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | ရန်ကုန် | ၇၁၀,၀၀၀ | ၇၂၀,၀၀၀ | -၁၀၀၀၀ | ၁.၄၁% |
| ၂ | မန္တလေး | ၆၂၀,၀၀၀ | ၆၂၅,၀၀၀ | -၅၀၀၀ | -၀.၈၁% |
| ၃ | ရှမ်း(တောင်) | ၆၁၈,၈၀၀ | ၆၂၄,၀၀၀ | -၅၂၀၀ | -၀.၈၄% |
| ၄ | ရှမ်း (မြောက်) | ၆၁၈,၀၀၀ | ၆၂၂,၀၀၀ | -၄၀၀၀ | -၀.၆၅% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား(၉) – နိုင်ငံအလိုက်ပြောင်းဈေးနှုန်းများ

တန်ဘိုး– USD

| စဉ် | နိုင်ငံ | ယခုအပတ် (၃-၃-၂၀၂၃) | ယခင်အပတ် (၂၄-၂-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၇၃ | ၂၇၀ | ၃ | ၁.၁% |
| ၂ | တရုတ် | ၃၄၂ | ၃၄၅ | -၃ | -၀.၈၇% |
| ၃ | ပါကစ္စတန် | ၂၆၈ | ၂၇၁ | -၃ | -၁.၁% |
| ၄ | ဂျပန် | ၂၅၄ | ၂၅၆ | -၂ | -၀.၇၈% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်း တန်ဘိုး (၂၉၉.၈၄၁)သန်း၊ တန်ချိန် (၂၂၀,၈၀၇.၀၇၁) သန်း ပါဝင်ခဲ့ပြီး ယခုအပတ်တွင် တန်ချိန် (၂) ထောင်ကျော်၊ တန်ဘိုး ကန်ဒေါ်လာ (၂) ထောင်ကျော်လျော့နည်းတင်ပို့ခဲ့သဖြင့် စုစုပေါင်း ရာဘာတန်ချိန် (၂)ထောင်ကျော်၊ တန်ဘိုး ကန်ဒေါ်လာ (၂) ထောင်ကျော်လျော့နည်းခဲ့ကြောင်း၊ ပြည်တွင်းရာဘာဈေးမှာ နိုင်ငံတကာပေါက်ဈေးပေါ်မူတည်ပြီး ဈေးအတက်အကျ ဖြစ်ပေါ်ခြင်း

ဖြစ်ပြီး လက်ရှိပြည်ပလိုအပ်ချက်များကာ အဝယ်လိုက်နေသောကြောင့် ကမ္ဘာ့ဈေးမှာ မြင့်တက်နေကြောင်း၊ လက်ရှိ နိုင်ငံတကာပေါက်ဈေးမှာ ယခင်က ဒေါ်လာ (၁,၇၅၀) မှ လက်ရှိ ဒေါ်လာ (၁၈၀၀)အထိ မြင့်တက်လာကြောင်းနှင့်  ယခင်က ပြည်တွင်း ရာဘာတစ်ပေါင်လျှင် ကျပ်(၁,၃၅၀) ကျော်ရှိခဲ့ပြီး ယခု ကျပ်(၁၄၀၀) ပေါက်ဈေးရှိကြောင်းသိရှိရပါသည်။

ဇယား(၁၀) – ပြည်တွင်းရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-3 (မော်လမြိုင်) | | RSS-5 (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၃၀.၄၁ | ၂၄.၅၁ | ၂၈.၂၁ |
| ၄ | ဧပြီ | ၂၆.၈၁ | | ၂၄.၅၇ | |
| ၅ | မေ | ၂၃.၁၁ | | ၂၀.၉၁ | |
| ၆ | ဇွန် | ၂၅.၇၆ | | ၂၃.၅၅ | |
| ၇ | ဇူလိုင် | ၂၅.၆၉ | | ၂၃.၄၈ | |
| ၈ | ဩဂုတ် | ၃၀.၀၈ | | ၂၇.၆၄ | |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | | ၂၉.၄၁ | |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | | ၂၉.၈၆ | |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား(၁၁) – ပြည်ပရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-3 (ထိုင်း) | | RSS-5 (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | | ၂,၂၀၈ | |
| ၄ | ဧပြီ | ၂,၃၃၈ | | ၂,၃၂၃ | |
| ၅ | မေ | ၂,၁၈၆ | | ၂,၀၅၂ | |
| ၆ | ဇွန် | ၂,၁၁၃ | | ၂,၀၉၁ | |
| ၇ | ဇူလိုင် | ၁,၈၈၂ | | ၁,၈၆၁ | |
| ၈ | ဩဂုတ် | ၁,၇၁၅ | | ၁,၆၉၄ | |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | | ၁,၅၅၇ | |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | | ၁,၆၀၆ | |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတန်ချိန် စုစုပေါင်း (၉၄,၈၇၅.၅၄၈) သန်း ၊တန်ဘိုး (၁၂၅.၀၈၅)သန်းတင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် တန်ချိန် (၁,၆၀၅)၊ တန်ဘိုး (၂)သန်းကျော်တင်ပို့မှုရှိပြီးပင်လယ်ရေကြောင်းမှ တရုတ်၊ စင်္ကာပူ၊ ဂျပန်၊ ထိုင်ဝမ်နိုင်ငံတို့နှင့် နယ်စပ်မှ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းတို့မှတင်ပို့မှုရှိကြောင်း၊ ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ဖူလုံစေရေးအတွက် နှမ်းနက်မှအပ ကျန်နှမ်းအမျိုးအစား တင်ပို့မှုကို (၉-၅-၂၀၂၂) ရက်မှစ၍ ယာယီ ဆိုင်းငံ့ခဲ့ရာမှ စားသုံးဆီရောင်းလိုအား ပုံမှန်ပြန်ဖြစ်လာ၍ (၁-၇-၂၀၂၂) ရက်နေ့မှစ၍ ပို့ကုန်လိုင်စင်ဖြင့်တင်ပို့ခွင့်ပြုခဲ့ပြီး နယ်စပ်တင်ပို့မှုအတွက် ကြိုတင်ငွေလွှဲစနစ် (Advance TT) ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုတစ်ပတ်အတွင်း နှမ်းဖြူ(၄၅)ပိဿာတစ်အိတ်လျှင် ငွေကျပ် (၃၂,၅၀၀) ထိရှိခဲ့ပြီး နှမ်းနက်(စမုံ) မှာ တစ်အိတ် (၃၀၅,၀၀၀) ဈေးရှိခဲ့ကြောင်းသိရှိရပါသည်။

ဇယား(၁၂) - ပြည်တွင်းနှမ်းဈေးနှုန်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၃-၃-၂၀၂၃) | ယခင်အပတ် (၂၄-၂-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၃,၆၃၈,၀၀၀ | ၃,၆၄၈,၀၀၀ | -၁၀,၀၀၀ | -၀.၂၇% |
| | မကွေး | ၃,၆၂၅,၀၀၀ | ၃,၆၃၀,၀၀၀ | -၅,၀၀၀ | -၀.၁၄% |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၃,၅၇၇,၀၀၀ | ၃,၆၀၀,၀၀၀ | -၂၃,၀၀၀ | -၀.၆၄% |
| | မကွေး | ၃,၅၈၉,၀၀၀ | ၃,၅၆၈,၀၀၀ | ၂၁,၀၀၀ | ၀.၅၉% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား(၁၃) – နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

တန်ဘိုး- USD

| စဉ် | နိုင်ငံ | ယခုအပတ် (၃-၃-၂၀၂၃) | ယခင်အပတ် (၂၄-၂-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၆၄၁ | ၁,၆၂၁ | ၂၀ | ၁.၂၃% |
| | တရုတ် | ၁,၆၈၈ | ၁,၆၈၀ | ၈ | ၀.၄၈% |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၆၁၀ | ၁,၇၄၇ | -၁၃၇ | -၇.၈၄% |
| | တရုတ် | ၁,၆၅၀ | ၁,၆၆၀ | -၁၀ | -၀.၆၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှုအခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ ရောင်းချမှု မှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၃၁,၃၃၉.၂၈) ၊ တန်ဖိုး ဒေါ်လာ (၃၄.၁၁၁) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၃၄၃.၇၅)၊ တန်ဖိုး ဒေါ်လာ (၄.၀၀၈) သန်း နှင့် အခြား ရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၇,၆၈၈.၀၂၇)၊ တန်ဖိုးဒေါ်လာ (၂၈.၉၅၄) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။ (ဇယား-၁၄)

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၁-၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၇၅,၅၃.၂)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၅.၇၇) သန်း၊ ပုဇွန်မှာ တန်ဖိုးဒေါ်လာ (၀.၁၉)၊ အခြားရေထွက်ပစ္စည်းများမှာ တန်ဖိုးဒေါ်လာ (၁.၉၄)သန်း လျော့နည်းတင်ပို့ခဲ့ပြီး၊ တန်ချိန် အားဖြင့် ပိုမိုတင်ပို့ခဲ့သည်ကိုတွေ့ရပါသည်။ တန်ချိန်အားဖြင့် ပုဇွန်မှာ တန်ချိန် (၂၆၆.၈၇) လျော့နည်း တင်ပို့ခဲ့ပြီး၊ အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၂,၁၂၀.၆၈) တိုးမြင့်တင်ပို့ခဲ့ကြောင်း ဖော်ပြပါ ဇယားအရ သိရှိရပါသည်။ ဇယား (၁၄)

ဇယား (၁၄) - ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၃,၂၀၅.၀၄** | **၁၆.၉၈** | **၁,၂၉၅.၇၃** | **၃.၇၄** | **၇,၉၈၁.၀၅** | **၁၄.၅၉** | **၂၂,၄၈၁.၈၃** | **၃၅.၃၁** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၃,၂၀၅.၀၄ | ၁၆.၉၈ | ၁၂၉၅.၇၃ | ၃.၇၄ | ၇,၉၈၁.၀၅ | ၁၄.၅၉ | **၂၂,၄၈၁.၈၃** | **၃၅.၃၁** |
| ၂ | **နယ်စပ် ကုန်သွယ်ရေး** | **၁၈,၁၃၄.၂၄** | **၁၇.၁၃** | **၄၈.၀၂** | **၀.၂၇** | **၉,၇၀၆.၉၈** | **၁၄.၃၆** | **၂၇,၈၈၉.၂၃** | **၃၁.၇၆** |
| | (က) မြဝတီ | ၃၉၁.၁၅ | ၀.၄၉ | ၄.၁ | ၀.၀၄ | ၇၀၇.၄၆ | ၁.၁၀ | **၁,၁၀၂.၆၈** | **၁.၆၃** |
| | (ခ) ကော့သောင်း | ၁၆,၃၇၂.၉၈ | ၁၄.၆၃ | ၄၃.၉၆ | ၀.၂၃ | ၉၀၄.၁ | ၂.၁၅၀ | **၁၇,၃၂၀.၀၄** | **၁၇.၀၁** |
| | (ဂ) စစ်တွေ | ၄၄၂.၄၂ | ၀.၅၈ | | | | | **၄၄၂.၄၂** | **၀.၅၈** |

တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| | (ဃ) မြိတ် | | | | | ၃,၃၇၃.၅၀ | ၃.၀၄၀ | ၃,၃၇၃.၅၀ | ၃.၀၄ |
| | ( င ) မူဆယ် | ၇၁.၂၅ | ၀.၃၆ | | | ၂၀၅၅.၉ | ၅.၇၈၀ | ၂,၁၂၇.၁၆ | ၆.၁၅ |
| | ( စ ) မောင်တော | ၅၂၆.၆၂ | ၀.၇၆ | | | ၃၁၅.၈၀၀ | ၀.၂၅၀ | ၈၄၂.၄၂ | ၁.၀၁ |
| | (ဆ) မောတော | ၃၂၉.၈ | ၀.၃၂ | | | ၈၃၆.၇၁၀ | ၁.၂၉ | ၁,၁၆၆.၅၁ | ၁.၆၁ |
| | (ဇ) ကျိုင်းလတ် | | | | | ၁၅၁၃.၅ | ၀.၇၃၅ | ၁၅၁၃.၅ | ၀.၇၃၅ |
| ၂၀၂၂-၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၃၁,၃၃၉.၂၈ | ၃၄.၁၁ | ၁,၃၄၃.၇၅ | ၄.၀၁ | ၁၇,၆၈၈.၀၃ | ၂၈.၉၅ | ၅၀,၃၇၁.၀၆ | ၆၇.၀၇ |
| ၂၀၂၁-၂၂ ခုနှစ် ဖေဖော်ဝါရီလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၃၈,၈၉၂.၄၈ | ၃၉.၈၈ | ၁,၀၇၆.၈၈ | ၄.၂၀ | ၁၅,၅၆၇.၃၅ | ၃၀.၈၉ | ၅၅,၅၃၆.၇၁ | ၇၄.၉၇ |
| ခြားနားချက် | | -၇၅၅၃.၂၀ | -၅.၇၇ | ၂၆၆.၈၇ | -၀.၁၉ | ၂,၁၂၀.၆၈ | -၁.၉၄ | -၅,၁၆၅.၆၅ | -၇.၉၀ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၇,၂၁၁.၀၆) သန်းရှိခဲ့ပြီး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် (၁၄,၆၈၆.၀၆) သန်း ရှိခဲ့သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၂,၅၂၅.၀၀၂) သန်း (၁၅%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ၂၀၂၃ ခုနှစ်၊ မတ်လ(၃) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း (၁-၄-၂၀၂၂) မှ (၃-၃-၂၀၂၃) ထိ သွင်းကုန်စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၆,၀၇၁.၉၅၁) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၃,၃၉၄.၈၇၇) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၇,၆၇၉.၃၃) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၂,၆၈၈.၈၈၄) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၂,၃၀၈.၈၆) သန်းပါဝင်ခဲ့ပါသည်။ (ဇယား-၅)

# လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၂) မှ (၃-၃-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ၏** တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၄၇၀,၃၆၉) ၊ တန်ဖိုးဒေါ်လာ (၅၇၉.၀၂၅) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၉၉၈,၁၅၀) ၊ တန်ဖိုး ဒေါ်လာ (၅၅၄.၂၃၈) သန်း၊ **ဂျုံစေ့** တန်ချိန် (၂၀၁,၈၆၄) ၊ တန်ဖိုး(၉၅.၀၃၅) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁၄,၁၉၈) ၊ တန်ဖိုး (၅.၆၁၁) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၁၅၊ ပုံ-၈၊ ၉)


ဇယား (၁၅) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ မတ်လ ၃ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၂-၂၀၂၃ ယခုနှစ် | ၂၀၂၁-၂၀၂၂ ယခင်နှစ် | ခြားနားချက် ပမာဏ | ခြားနားချက် % |
| | **စုစုပေါင်း** | US$ | ၆,၁၂၈.၇၂ | ၄,၅၂၀.၅၅ | ၁,၆၀၈.၁၇ | ၃၆% |
| ၁ | ဒီဇယ် | US$ | ၂,၈၀၂.၀၅ | ၁,၅၂၆.၂၀ | ၁,၂၈၅.၈၄ | ၈၄% |
| | | တန် | ၂,၆၁၉,၃၄၉ | ၂,၃၆၄,၉၆၂ | ၂,၅၄,၃၈၇ | ၁၁% |
| ၂ | ဓါတ်ဆီ | US$ | ၁,၇၉၉.၆၄ | ၁,၁၈၄.၅၃ | ၆၁၅.၁၁ | ၅၂% |
| | | တန် | ၁,၆၉၁,၃၆၁ | ၁,၆၀၉,၃၅၇ | ၈၂,၀၀၃ | ၅% |
| ၃ | စားအုန်းဆီ | US$ | ၅၇၉.၀၂ | ၇၉၀.၅၂ | -၂၁၁.၅၀ | -၃၆% |
| | | တန် | ၄၇၀,၃၆၉ | ၆၅၉,၉၈၈ | -၁၈၉,၆၁၉ | -၈၄% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၈၅.၈၈ | ၃၉၃.၁၇ | -၂၀၇.၂၉ | -၅၃% |
| | | စီး | ၃,၉၁၁ | ၁၅,၂၀၆ | -၁၁,၂၉၅ | -၇၄% |
| | လူစီးယာဉ် | US$ | ၇.၉၇ | ၁၄၃.၃၈ | -၁၃၅.၄၁ | -၉၄% |
| | | စီး | ၄၂၉ | ၈၂၃၇ | -၇၈၀၈ | -၉၅% |
| | ဘတ်စ် | US$ | ၂.၆၀ | ၄.၈၆ | -၂.၂၅ | -၄၇% |
| | | စီး | ၁၃၇ | ၂၅၈ | -၁၂၁ | -၄၇% |
| | ထရပ် | US$ | ၁၇.၇၇ | ၃၄.၂၇ | -၁၆.၅၀ | -၄၈% |
| | | စီး | ၉၉၉ | ၃၃၁၇ | -၂၃၁၈ | -၇၀% |
| | ယန္တယား | US$ | ၁၀၃.၇၅ | ၁၆၀.၆၀ | -၅၆.၈၅ | -၃၅% |
| | | စီး | ၂၃၄၆ | ၃၃၉၄ | -၁၀၄၈ | -၃၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၅၃.၇၈ | ၅၀.၀၆ | ၃.၇၃ | ၇% |
| ၅ | ဘိလပ်မြေ | US$ | ၂၉.၅၆ | ၅၂.၇၇ | -၂၃.၂၁ | -၄၄% |
| | | တန် | ၃၄၃,၇၃၁ | ၆၆၃,၉၅၇ | -၃၂၀,၂၂၇ | -၄၈% |
| ၆ | ဓာတ်မြေဩဇာ | US$ | ၅၅၄.၂၄ | ၃၅၈.၆၈ | ၁၉၅.၅၆ | ၅၅% |
| | | တန် | ၉၉၈,၁၅၀ | ၉၁၅,၃၃၀ | ၈၂,၈၂၀ | ၉% |
| ၇ | ဂျုံစေ့ | US$ | ၉၅.၀၃ | ၁၃၈.၁၄ | -၄၃.၁၀ | -၃၁% |
| | | တန် | ၂၀၁,၈၆၄ | ၃၉၈,၈၇၉ | -၁၉၇,၀၁၅ | -၄၉% |
| ၈ | ဂျုံမှုန့် | US$ | ၅.၆၁ | ၁.၉၅ | ၃.၆၆ | ၁၈၈% |
| | | တန် | ၁၄,၁၉၈ | ၄,၄၃၄ | ၉,၇၆၄ | ၂၂၀% |
| ၉ | နို့ဆီ | US$ | ၂၀.၁၂ | ၁၆.၁၆ | ၃.၉၆ | ၂၅% |
| | | တန် | ၁၄,၆၉၇ | ၁၂,၆၁၆ | ၂,၀၈၁ | ၁၆% |

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက် မှ မတ်လ ၃ ရက် ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၂-၂၀၂၃ ယခုနှစ် | ၂၀၂၁-၂၀၂၂ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၁၀ | နို့စိမ်း | US$ | ၂၅.၈၀ | ၂၄.၇၀ | ၁.၀၉ | ၄% |
| | | တန် | ၁၈,၀၇၂ | ၁၈,၇၉၁ | -၇၁၉ | -၄% |
| ၁၁ | နို့မှုန့် | US$ | ၂၁.၇၇ | ၃၃.၇၃ | -၁၁.၉၅ | -၄% |
| | | တန် | ၆,၁၃၉ | ၁၀,၃၅၇ | -၄၂၁၇ | -၄% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၈)။ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်– ဒေါ်လာသန်း

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၉)။ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်–တန်ချိန်

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၁၄,၆၉၇) ၊ တန်ဖိုးဒေါ်လာ (၂၀.၁၂) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၁၈,၀၇)၊ တန်ဖိုးဒေါ်လာ (၂၅.၈) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၆,၁၃၉)၊ တန်ဖိုးဒေါ်လာ (၂၁.၇၇)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား–၁၅)

**၂၅။ မြေဩဇာတင်သွင်းမှု**တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဧပြီလမှ ဖေဖော်ဝါရီလ ထိ ထောက်ခံချက် (၁,၅၄၄) ခု ထုတ်ပေးခဲ့ပြီး စုစုပေါင်း တန်ချိန် (၁,၈၆၄,၀၆၉) တင် သွင်းခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တန် ချိန် (၂၃၂,၁၆၂)တန်တင်သွင်း ခဲ့သည်ကိုတွေ့ရပြီး အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၁၂၃,၇၆၀) တန်၊ ဖော့စဖိတ် (၁,၀၀၀) တန်၊ ပိုတက်စီယမ် (၁၅,၀၉၀) တန်၊ ကွန်ပေါင်း (၉၀,၁၂၇)တန်၊ ဖော်လာ(၉၀၅) တန်နှင့် အခြားမြေဩဇာ စုစု ပေါင်း (၁,၂၈၀) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက် တွဲ ဇယား–ဃ)

# သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၂)မှ (၃-၃-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၁၆,၀၇၁.၉၅၁) သန်း ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၁၃,၄၂၅.၅၀၉)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၁,၈၆၅.၉၅၅) (၁၅%) တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၆)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၇,၆၇၉.၃၃) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၃,၃၉၄.၈၇၇) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၅၉,၃၉၈.၄၀၉) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၃,၂၀၄.၇၁၂)သန်းဖြင့် ဒုတိယအများဆုံး တင် သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၆)

ဇယား (၁၆)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃)ထိ | | | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၁-၄-၂၀၂၁ မှ ၃-၃-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၁,၁၀၉.၂ | ၂,၂၈၅.၆၇၇ | ၃,၃၉၄.၈၇၇ | ၄၄၇.၁၃ | ၂,၆၂၉.၆၀၆ | ၃,၀၇၆.၇၃၆ | ၆၆၂.၀၇ | -၃၄၃.၉၂၉ | ၃၁၈.၁၄၁ | ၁၀% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁၁၅.၅၆၈ | ၇,၅၆၃.၇၆၂ | ၇,၆၇၉.၃၃ | ၉၃.၆၁၅ | ၅,၃၀၄.၇၉၄ | ၅,၃၉၈.၄၀၉ | ၂၁.၉၅၃ | ၂,၂၅၈.၉၆၈ | ၂,၂၈၀.၉၂၁ | ၄၂% |
| ၃ | လူသုံးကုန်ပစ္စည်း | ၁၁၆.၀၃၆ | ၂,၅၇၂.၈၄၈ | ၂,၆၈၈.၈၈၄ | ၁၉.၅၇၂ | ၃,၁၈၅.၁၄ | ၃,၂၀၄.၇၁၂ | ၉၆.၄၆၄ | -၆၁၂.၂၉၂ | -၅၁၅.၈၂၈ | -၁၆% |
| ၄ | CMP | | ၂၃၀၈.၈၆ | ၂,၃၀၈.၈၆ | | ၁,၇၄၅.၆၅၂ | ၁,၇၄၅.၆၅၂ | | ၅၆၃.၂၀၈ | ၅၆၃.၂၀၈ | ၃၂% |
| စုစုပေါင်း | | ၁,၃၄၀.၈ | ၁၄,၇၃၁ .၁၅ | ၁၆,၀၇၂. | ၅၆၀.၃ | ၁၂,၈၆၅ .၂ | ၁၃,၄၂၅ .၅ | ၇၈၀.၅ | ၁၈,၆၅.၉၅ | ၂,၆၄၆.၄ | ၁၀၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၁၈၉,၆၁၉)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၂၁၁.၅၀)သန်း၊ **ဂျုံစေ့** မှာ တန်ချိန် (၁၉၇,၀၁၅)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၃.၁၀) သန်း လျော့နည်းတင်သွင်းခဲ့ကိုတွေ့ရပြီး အခြားကုန်စည်များ ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၉,၇၆၄)တန် ၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၃.၆၆) သန်း နှင့်

**ဓာတ်မြေသြဇာ**မှာ တန်ချိန်အားဖြင့် (၈၂,၈၂၀)တန် နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၁၉၅.၅၆)သန်း တိုးမြင့် တင်သွင်းခဲ့သည်။ (ဇယား -၁၅)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်း ဒေါ်လာသန်း (၁၅,၃၇၇.၉၈၂) တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၃,၅၇၀.၃၉) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၉.၈၂) သန်း၊ ရေထွက် ဒေါ်လာ(၆၉၃.၉၂) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၃၂၀.၇၂)သန်း၊ သစ်တော ထွက် ဒေါ်လာ(၁၃၀.၅၈)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၁၀,၂၄၁.၆၈) သန်းနှင့် အခြား ဒေါ်လာ (၄၀၀.၈၈) သန်းပါဝင်ခဲ့သည်ကိုတွေ့ရှိရပြီး ယခင်နှစ်အလာတူကာလထက် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၃၁.၆၂) သန်း၊ ရေထွက် ဒေါ်လာ(၅၂.၅၈) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၂၈၇.၁၃) သန်း၊ သစ်တောထွက် ဒေါ်လာ(၁၃၀.၅၈)သန်းနှင့် အခြား ဒေါ်လာ(၃၃၉.၈၅)သန်း စီအသီးသီး လျော့နည်းခဲ့ပြီး၊ တိရစ္ဆာန် ထွက် ဒေါ်လာ(၁၂.၇၇) သန်းနှင့် စက်မှုကုန်ချောဒေါ်လာ (၂၀၈၁.၂၄) သန်း တိုးမြင့်တင်ပို့ကြောင်းတွေ့ရှိရပါသည်။

၃၀။ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှာ ဒေါ်လာ (၃,၅၇၀.၃၉) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့်ဆန်ကွဲ**တင်ပို့မှုတွင် ဆန်တန်ချိန် (၁၂၂၅၆၇၀.၃၉၆) နှင့် ဆန်ကွဲတန်ချိန် (၈၁၂၄၆၅.၄၁) တင်ပို့ခဲ့ရာ ယခင်နှစ်ကာလတူထက် ဆန်တန်ချိန် (၇၉၀၄.၁၂၆)နှင့် ဆန်ကွဲတန်ချိန် (၆၅၇၉၃.၄၃) စီ တိုးမြင့်တင်ပို့ခဲ့ပြီး၊

(ခ) **ကျန်လယ်ယာထွက်ကုန်များဖြစ်သည့် ပဲအမျိုးမျိုး**တွင် တန်ချိန် (၁၆၆၂၃၅၃.၁၈၁) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလ ထက် တန်ချိန် (၁၅၇၆၉၀.၉၉၈)၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၁၇၅၂၁၀၂.၄၃၆) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလ ထက် တန်ချိန် (၄၁၂၉၈၀,၁၅၈)၊

(ဃ) **နှမ်း**တွင် တန်ချိန် (၉၄၈၇၅.၅၄၈) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၈၈၃၁၆.၆၇၉)၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန် (၂၂၀၈၀၇.၀၇၁) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၅၂၆၈၇.၂၇၃) စီအသီးသီး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

၃၁။ **သွင်းကုန်တင်သွင်းမှု** အနေဖြင့် **၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ ထိ** စုစုပေါင်း ဒေါ်လာ (၁၆,၀၇၁.၉၅) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၅၆၃.၂၁) သန်း တိုးမြင့်တင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၁၈၉,၆၁၉)၊ တန်ဖိုး ဒေါ်လာ(၂၁၁.၅၀)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၈၂,၈၂၀)၊ တန်ဖိုး ဒေါ်လာအားဖြင့် (၁၉၅.၅၆) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား-ဃ၊ ဇယား- ၆)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ငါး၊ ပုဇွန်နှင့် အခြား ရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၅၀,၃၇၁.၀၆)၊ တန်ဖိုး ဒေါ်လာ (၆၇.၀၇၃) သန်းနှင့် ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၅၅,၅၃၆.၇၁)၊ တန်ဖိုး ဒေါ်လာ (၇၄.၉၇) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၅,၁၆၅.၆၅) နှင့် တန်ဖိုးအားဖြင့်(၇.၉၀) သန်းလျော့နည်း တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ (ဇယား-၁၄)

## နိဂုံး

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေနှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

# ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၂ -၂၀၁၃ မှ ၂၀၂၂ -၂၃ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ ထိ)

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂(Mini Budget) (ယာယီ) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၆၉၆.၇၄ | ၂,၆၆၁.၀၁ | ၂,၉၁၉.၆၆ | ၂,၆၁၅.၇၇ | ၂,၉၂၈.၁၀ | ၃,၀၈၇.၁၂ | ၁,၂၇၈.၇၆ | ၃,၂၆၁.၅၉ | ၃,၇၂၅.၇၀ | ၄,၆၂၄.၂၀ | ၂,၄၀၇.၈၆ | **၃,၅၇၀.၃၉** |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၈.၉ | ၅.၃၆ | **၁၉.၈၂** |
| ၃ | ရေထွက်ပစ္စည်း | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၇၈၅.၀၂ | ၄၈၁.၆၆ | **၆၉၃.၉၂** |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၃၉၉.၀၆ | ၁,၃၃၉.၄၆ | ၁,၄၉၈.၈၈ | ၉၆၈.၃၅ | ၁,၀၁၀.၇၈ | ၁,၇၈၄.၀၂ | ၁,၀၄၉.၁၈ | ၁,၄၆၅.၄၆ | ၁,၈၇၀.၈၄ | ၈၉၅.၆၁ | ၂၈၈.၆ | **၃၂၀.၇၂** |
| ၅ | သစ်တောထွက်ပစ္စည်း | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၁၂၈.၀၇ | ၈၃.၉ | **၁၃၀.၅၈** |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄,၄၉၂.၈၇ | ၄,၆၃၇.၅ | ၆,၅၂၄.၆၁ | ၅,၇၃၄.၄၆ | ၅,၄၇၇.၅၁ | ၆,၉၇၉.၈၁ | ၄,၆၇၂.၅၈ | ၁၀,၂၉၀.၉၆ | ၉,၉၉၇.၁၉ | ၈,၂၅၃.၄၁ | ၄,၇၀၉.၁၇ | **၁၀,၂၄၁.၆၈** |
| ၇ | အခြားပစ္စည်း | ၁၃၅.၆၄ | ၁,၀၈၆.၅ | ၁,၀၅၆.၈၅ | ၁,၁၂၈.၂၉ | ၁,၇၄၃.၀၀ | ၂,၀၆၀.၀၅ | ၁,၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၆၅၈.၀၇ | ၃၃၂.၀၃ | **၄၀၀.၈၈** |
| | **စုစုပေါင်း** | **၈,၉၇၇.၀၃** | **၁၁,၂၀၃.၉၆** | **၁၂,၅၂၃ .၇၃** | **၁၁,၁၃၆.၈၉** | **၁၁,၉၉၈.၅၅** | **၁၄,၈၈၃.၁၆** | **၈,၈၆၁.၀၃** | **၁၇,၀၆၀.၄၁** | **၁၇,၆၈၁.၀၉** | **၁၅,၃၆၃.၂၈** | **၈,၃၀၈.၄၂** | **၁၅,၃၇၇.၉၈** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

# အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | တန်ချိန်/တန်ဘိုး | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini Budget) (ဧပြီမှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက်မှ စက်) | ၂၀၂၀-၂၁ (အောက်မှ စက်) | ၂၀၂၁-၂၂ (Mini Budget) (အောက် မှ မတ်) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၂ မှ ၃-၃-၂၀၂၃ ထိ) |
|---|---|---|---|---|---|---|---|---|---|
| ၁ | **ဆန်၊ ဆန်ကွဲ** | **US$** | **၁,၁၄၂.၁၆** | **၃၉၀.၉၁** | **၇၀၉.၇** | **၇၉၄.၃၉** | **၇၀၀.၁၃** | **၄၄၄.၂၈** | **၇၅၆.၂၇** |
| | | **မတန်** | **၃,၅၉၀,၀၄၀.၈၀** | **၁,၁၂၇,၂၅၈.၇၄** | **၂,၃၅၅,၉၀၀.၄၅** | **၂,၅၈၆,၃၇၉.၂၅** | **၁,၈၇၆,၁၇၃.၃၉** | **၁,၃၈၂,၀၈၅.၈၉** | **၂,၀၃၈,၁၃၅.၈၁** |
| | ဆန်၊ | US$ | ၉၇၇.၀၁ | ၃၂၂.၅၉ | ၅၇၂.၅၁ | ၅၂၇.၇၃ | ၄၃၀.၄၇ | ၂၉၃.၄၈ | ၄၇၄.၅၃ |
| | | မတန် | ၂,၉၅၁,၁၂၃.၀၈ | ၈၉၉,၉၆၇.၇၈ | ၁,၈၃၆,၆၁၅.၉၅ | ၁,၆၀၉,၁၉၅.၀၁ | ၁,၀၇၃,၉၅၉.၄၆ | ၈၈၄,၂၀၄.၄၉ | ၁,၂၂၅,၆၇၀.၄၀ |
| | ဆန်ကွဲ | US$ | ၁၆၅.၁၅ | ၆၈.၃၂ | ၁၃၇.၁၈၄ | ၂၆၆.၆၆ | ၂၆၉.၆၆ | ၁၅၀.၈၁ | ၂၈၁.၇၄ |
| | | မတန် | ၆၃၈,၉၁၇.၇၃ | ၂၂၇,၂၉၀.၉၆ | ၅၁၉,၂၈၄.၅၀ | ၉၇၇,၁၈၄.၂၄ | ၈၀၂,၂၁၃.၉၃ | ၄၉၇,၈၈၁.၄ | ၈၁၂,၄၆၅.၄၀ |
| ၂ | **ပဲအမျိုးမျိုး** | **US$** | **၈၈၆.၇၂** | **၃၉၇.၆၁** | **၁,၀၂၆.၂၅** | **၁,၁၉၅.၈၁** | **၁,၅၇၀.၇၃** | **၈၃၀.၁၆** | **၁,၂၇၈.၁** |
| | | **မတန်** | **၁,၃၁၇,၉၆၇.၀၄** | **၇၉၃,၆၇၂.၁၀** | **၁,၆၃၉,၃၅၀.၆၃** | **၁,၆၀၆,၃၆၁.၉၃** | **၂,၀၂၉,၂၅၁.၈၈** | **၁,၀၈၉,၆၆၇.၇၅** | **၁,၆၆၂,၃၅၃.၁၈** |
| | မတ်ပဲ | US$ | ၃၄၄.၀၄ | ၁၂၈.၂၂ | ၃၂၆.၃၄ | ၄၃၇.၉၇ | ၅၂၆.၇၁ | ၂၈၇.၉၁ | ၄၉၉.၄၉ |
| | | မတန် | ၅၂၇,၉၆၄.၅၉ | ၃၃၀,၃၈၄.၆၀ | ၆၁၆,၀၄၈.၅၁ | ၅၉၆,၆၅၇.၄၂ | ၆၇၇,၅၂၆.၄၂ | ၃၇၁,၀၉၄.၉၀ | ၆၀၈,၆၇၃.၈၂ |
| | ပဲတီစိမ်း | US$ | ၂၇၀.၆၀ | ၁၃၂.၁၈ | ၃၄၂.၈၂ | ၄၀၆.၃၁ | ၅၂၅.၄၀ | ၂၉၆.၅၄ | ၄၀၈.၇၈ |
| | | မတန် | ၃၅၀,၀၅၆.၅၄ | ၁၇၅,၅၉၈.၂၂ | ၄၇၃,၈၂၂.၅၀ | ၅၃၄,၁၂၈.၁၆ | ၆၇၃,၁၁၀.၈၈ | ၃၈၃,၇၂၂.၃၂ | ၅၇၁,၅၇၆.၆၃ |
| | ပဲစဉ်းငုံ | US$ | ၉၉.၅၅ | ၅၁.၁၁ | ၁၀၁.၂၅ | ၃၀.၀၀ | ၁၄၄.၁၀ | ၈၄.၈၅ | ၁၅၇.၉၁ |
| | | မတန် | ၂၂၅,၄၉၂.၃၆ | ၁၅၁,၉၁၃.၄၃ | ၁၈၂,၁၆၈.၆၅ | ၅၃,၃၇၆.၆၈ | ၂၁၄,၀၉၁.၆၃ | ၁၂၆,၅၂၆.၃၄ | ၂၀၂,၅၅၇.၃၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

# ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈ (Mini ) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (အောက် မှ စက်) | ၂၀၂၁-၂၀၂၂ (Mini) (အောက်-မတ်) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃-၃-၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၉၁၉.၃၉ | ၆,၅၉၀.၄၁ | ၃,၄၅၅.၃၄ | ၅,၈၆၁.၄၅ | ၇,၃၁၅.၃၃ | ၄,၇၄၀.၄၇ | ၁၅၆၃.၈၈ | ၁၁၀၉.၂ | ၂၂၈၅.၆၈ | ၃၃၉၄.၈၈ |
| (ခ) | လုပ်ငန်းသုံး ကုန်ပစ္စည်းများ | ၆,၁၆၅.၃၆ | ၇,၆၈၅.၀၆ | ၃,၇၆၅.၈၅ | ၇,၃၇၉.၆၉ | ၆,၈၇၃.၂၇ | ၅,၄၄၃.၈၂ | ၃၈၈၁.၇၁ | ၁၁၅.၅၇ | ၇၅၆၃.၇၆ | ၇၆၇၉.၃၃ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၁၂၆.၃၁ | ၄,၄၁၉.၄၃ | ၂,၆၄၆.၅၉ | ၄,၈၄၅.၄၇ | ၄,၈၆၂.၂၆ | ၄,၅၀၁.၇၆ | ၂၅၁၉.၄၁ | ၁၁၆.၀၄ | ၂၅၇၂.၈၅ | ၂၆၈၈.၈၈ |
| (ဃ) | CMP | - | - | - | - | - | - | - | - | ၂၃၀၈.၈၆ | ၂၃၀၈.၈၆ |
| **စုစုပေါင်း** | | **၁၇,၂၁၁.၀၆** | **၁၈,၆၉၄.၉** | **၉,၈၆၇.၇၈** | **၁၈,၀၈၆.၆** | **၁၉,၀၅၀.၉** | **၁၄,၆၈၆.၀၆** | **၇၉၆၅** | **၁၃၄၀.၈** | **၁၄၇၃၁.၁** | **၁၆၀၇၂.** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလထိ မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | အမျိုးအစား | ၂၀၂၂ - ဧပြီလ | | ၂၀၂၂ - မေလ | | ၂၀၂၂ - ဇွန်လ | | ၂၀၂၂ - ဇူလိုင်လ | | ၂၀၂၂ - ဩဂုတ်လ | | ၂၀၂၂ - စက်တင်ဘာလ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် |
| ၁ | Nitrogen | ၁၅,၉၇၁ | ၃၅ | ၆၂,၅၉၃ | ၅၀ | ၄၉,၂၁၀ | ၇၆ | ၁၆၀,၈၂၄ | ၆၉ | ၂၄၄,၄၆၃ | ၇၄ | ၁၁၂,၁၆၈ | ၄၃ |
| ၂ | Phosphate | ၁,၂၅၆ | ၁ | ၄,၃၈၁ | ၄ | ၁,၄၂၀ | ၁ | ၆,၂၅၀ | ၅ | ၂၃,၀၀၀ | ၇ | ၂၆,၇၅၀ | ၆ |
| ၃ | Potassium | ၁၃၅ | ၄ | ၁၀၂၀ | ၃ | ၂၈၁၅ | ၆ | ၂၀၅၉ | ၄ | ၃၅၀ | ၁ | ၃၂၅ | ၃ |
| ၄ | Compound | ၁၆,၁၀၆ | ၄၅ | ၅၅,၀၅၃ | ၃၆ | ၁၉,၅၆၇ | ၅၂ | ၇၃,၆၉၉ | ၅၇ | ၃၉,၉၃၇ | ၅၄ | ၄၆,၄၁၁ | ၃၇ |
| ၅ | Follar | ၁၉၃ | ၂၀ | ၄၅၇ | ၂၈ | ၅၇ | ၄၇ | ၈၄၆ | ၆၂ | ၅၄၄ | ၅၀ | ၁,၉၇၇ | ၈၁ |
| ၆ | Organic | ၂၉၀ | ၂ | ၇၇ | ၂ | ၇၁၃ | ၅ | ၂၅၈ | ၃ | ၂၁၀၆ | ၃ | ၃၁၄ | ၃ |
| ၇ | Gypsum | ၆၄ | ၁ | ၁၉၂ | ၂ | ၁၆၀ | ၂ | - | - | - | - | ၃၈၄ | ၁ |
| ၈ | Other | ၄၇ | ၈ | ၃၅၃ | ၉ | ၂၁ | ၁၀ | ၄၆၀ | ၆ | ၂၁၂၈ | ၁၁ | ၁,၁၉၈၃ | ၁၁ |
| | စုစုပေါင်း | ၃၄,၀၆၃ | ၁၁၆ | ၁၂၄,၁၂၆ | ၁၃၄ | ၇၃,၉၆၃ | ၁၉၉ | ၂၄၄,၃၉၆ | ၂၀၆ | ၃၁၂,၅၂၈ | ၂၀၀ | ၂၀၀,၃၁၂ | ၁၈၅ |

| စဉ် | အမျိုးအစား | ၂၀၂၂ - အောက်တိုဘာ | | ၂၀၂၂ - နိုဝင်ဘာလ | | ၂၀၂၂ - ဒီဇင်ဘာလ | | ၂၀၂၃ - ဇန်နဝါရီလ | | ၂၀၂၃ - ဖေဖော်ဝါရီ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် | တင်သွင်းသည့် တန်ချိန် (MT) | ထောက်ခံချက် အရေအတွက် |
| ၁ | Nitrogen | ၆၅,၄၉၀ | ၂၄ | ၁၃၄,၈၈၅ | ၂၈ | ၁၃၁,၃၄၀ | ၃၇ | ၂၃,၁၁၈ | ၁၈ | ၁၂၃,၇၆၀ | ၄၅ | ၁,၁၂၃,၈၂၂ | ၄၉၉ |
| ၂ | Phosphate | ၇,၀၀၀ | ၂ | ၃၁,၀၀၀ | ၉ | - | - | ၁,၀၀၀ | ၁ | ၁,၀၀၀ | ၁ | ၁၀၃,၀၅၇ | ၃၇ |
| ၃ | Potassium | ၇၀၀ | ၂ | ၈,၉၀၀ | ၇ | ၈,၀၈၅ | ၈ | ၆,၉၅၀ | ၇ | ၁၅,၀၉၀ | ၁၃ | ၄၆,၄၂၉ | ၅၈ |
| ၄ | Compound | ၅၃,၉၂၀ | ၂၅ | ၇၆,၃၂၄ | ၂၃ | ၂၁,၃၂၈ | ၁၉ | ၅၁,၅၂၈ | ၃၀ | ၉၀,၁၂၇ | ၅၅ | ၅၄၄,၀၀၀ | ၄၃၃ |
| ၅ | Follar | ၁,၁၁၄ | ၂၃ | ၁၉၂ | ၁၄ | ၁,၄၄၇ | ၂၈ | ၅၄၉ | ၁၄ | ၉၀၅ | ၂၄ | ၈,၂၈၁ | ၃၉၁ |
| ၆ | Organic | ၃၈၂ | ၁ | ၇၄၀ | ၃ | ၁၀၀၀ | ၂ | ၆၃၀ | ၁ | - | - | ၆,၅၁၁ | ၂၅ |
| ၇ | Gypsum | - | - | - | - | ၆၈၀ | ၃ | ၉၆ | ၁ | ၀ | - | ၁,၅၇၆ | ၁၀ |
| ၈ | Other | ၈၉၇ | ၇ | ၉,၆၅၀ | ၅ | ၇၁၉ | ၄ | ၂,၈၅၅ | ၂ | ၁,၂၈၀ | ၁၈ | ၃၀,၃၉၃ | ၉၁ |
| | စုစုပေါင်း | ၁၂၉,၅၀၃ | ၈၄ | ၂၆၁,၆၉၁ | ၈၉ | ၁၆၄,၅၉၉ | ၁၀၁ | ၈၆,၇၂၆ | ၇၄ | ၂၃၂,၁၆၂ | ၁၅၆ | ၁,၈၆၄,၀၆၉ | ၁,၅၄၄ |

Source : Customs Department